အသံ - လွတ်လပ်စွာ
ထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့



# အာဏာရှင်တို့ဟူသည် သတင်းမီဒီယာလွတ်လပ်ခွင့်ကို တားဆီးပိတ်ပင်ကြ၏။







၂၀၂၁ ခုနှစ်၊ ဇူလိုင်လ

## အာဏာရှင်တို့ဟူသည် သတင်းမီဒီယာလွတ်လပ်ခွင့်ကို တားဆီးပိတ်ပင်ကြ၏။

ဖေဖော်ဝါရီလ (၁) ရက်နေ့ အာဏာသိမ်းလိုက်သည့်နေ့မှစ၍ မြန်မာ့သတင်းမီဒီယာ လွတ်လပ်ခွင့်သည် အမှောင်တိုက်ထဲသို့ ကျရောက်သွားခဲ့ရသည်။ ဒီမိုကရေစီ၏ အဓိကထောက်တိုင် ဖြစ်သော သတင်းမီဒီယာ လွတ်လပ်ခွင့်ကို အာဏာသိမ်းစစ်ကောင်စီမှ ဦးတည်ဖိနှိပ်လာသည်။ အာဏာသိမ်းစစ်ကောင်စီ၏ သတင်းမီဒီယာ လွတ်လပ်ခွင့်အပေါ် ချိုးဖောက်ဖိနှိပ်ရာတွင် ပြင်းထန်မှု အဆင့် (၄) ဆင့်ကို တွေ့ရှိရသည်။

***ပထမဦးဆုံးအဆင့်တွင်*** အာဏာသိမ်းစစ်ကောင်စီမှ သတင်းမီဒီယာများ၏ သတင်းထုတ်ပြန်ချက်များတွင် သတင်းအချက်အလက်များနှင့် အသုံးအနှုန်းများကို စတင် ကန့်သတ်ခြင်းများ ပြုလုပ်ခဲ့သည်။ အာဏာသိမ်းပြီးနောက်တနေ့ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် အာဏာသိမ်းစစ်ကောင်စီ၏ ပြန်ကြားရေးဝန်ကြီးဌာနမှ အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် "လူမှုကွန်ရက်ပေါ်တွင် ကောလာဟလ သတင်းများ ထုတ်ပြန်ခြင်း၊ ဆူပူမှုဖြစ်ပေါ်အောင် စည်းရုံးလှုံ့ဆော်ခြင်း၊ မငြိမ်မသက်ဖြစ်စေရန် ကြေညာချက် ထုတ်ပြန်ခြင်းများ မပြုလုပ်ရန်နှင့် သတင်းမီဒီယာများအနေဖြင့် တည်ဆဲဥပဒေနှင့်အညီ အစိုးရနှင့်ပူးပေါင်းရန်" စာထုတ်ပြန်ခဲ့သည်။ သတင်းမီဒီယာများ၏ လွတ်လပ်စွာ သတင်းရေးသားခွင့်ကို "ကောလဟာလသတင်း၊ ဆူပူမှု၊ မငြိမ်မသက်ဖြစ်စေရန် ထုတ်ပြန်ခြင်းများ ပြုလုပ်နေသည်" ဟုစတင် ပုံဖျက်၍ တားဆီးခဲ့သည်။ ထို့နောက် သတင်းမီဒီယာများ၏ သတင်းရေးသား ဖော်ပြရာတွင် အာဏာသိမ်းအစိုးရဟု မသုံးနှုန်းရန်နှင့် ထိုသို့သုံးနှုန်းမှုသည် မမှန်မကန်ရေးသား သုံးနှုန်းမှုဖြစ်သဖြင့် သတင်းမီဒီယာ ကျင့်ဝတ်နှင့်အညီ အရေးယူပေးရန် ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ အကြောင်းကြားခဲ့သည်။ ဤသည်မှာလွတ်လပ်သော သတင်းရေးသားခွင့်ကို ဖိနှိပ်ချုပ်ကိုင်ရန် စတင်လိုက်ခြင်းဖြစ်သည်။

***ဒုတိယအဆင့်တွင်*** သတင်းမီဒီယာလွတ်လပ်ခွင့်ကို စာအားဖြင့်ထုတ်ပြန်ခြင်းများထက် ကျော်လွန်၍ နှုတ်အားဖြင့် ခြိမ်းခြောက်ခြင်းပြုလုပ်ခဲ့သည်။ စစ်အုပ်ချုပ်ရေးကောင်စီ၏ ပထမဦးဆုံး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဒုဝန်ကြီး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းမှ "သတင်းသမားများ၏ လုံခြုံရေးကို အာမခံမည်၊ မခံမည် ဆိုသည်ကို အတိအကျ မပြောနိုင်ကြောင်း နှင့် အာဏာသိမ်းစစ်ကောင်စီဟု ရေးသားလျှင် သတင်းမီဒီယာများ၏ ထုတ်ဝေခွင့် ပိတ်သိမ်းခြင်းမျိုးပါ အရေးယူဆောင်ရွက်မည်"ဟု ပြောကြားသွားခဲ့သည်။ ထို့နောက် မတ်လ (၄) ရက်နေ့တွင် အာဏာသိမ်း စစ်ကောင်စီမှ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီအဖွဲ့ဝင် (၂၃) ဦးကို အဖွဲ့ဝင်အဖြစ်မှ ရပ်စဲကြောင်း ကြေညာခဲ့သည်။ အမှန်စင်စစ်မှာ သတင်းမီဒီယာကောင်စီတွင် အဖွဲ့ဝင် (၂၆) ဦးရှိသည့်အနက် (၂၄) ဦးမှာ "သတင်းလွတ်လပ်ခွင့်နှင့် သတင်းသမားများအား ကာကွယ်ပေးရန် မဖြစ်နိုင်တော့

သောကြောင့်” ဟုဆိုကာ ဖေဖော်ရီလ (၁၈) ရက်နေ့ထဲက ၎င်းတို့သဘောဆန္ဒဖြင့် အဖွဲ့ဝင်အဖြစ်မှ အသီးသီး နုတ်ထွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ သတင်းလွတ်လပ်ခွင့်ကို ထောက်ကူပေးနိုင်ရန် အရေးကြီးသည့် သတင်းမီဒီယာကောင်စီလည်း ပြိုပျက်သွားခဲ့သည်။

***ဒုတိယအဆင့်တွင်*** သတင်းမီဒီယာသမားများအား စုပေါင်းဖမ်းဆီးခြင်း၊ ဦးတည်ဖမ်းဆီးခြင်းနှင့် အလုပ်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ စစ်အာဏာသိမ်းပြီး တစ်ပတ်ကျော် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် မန္တလေးမြို့ ဆန္ဒပြပွဲ၌ သတင်းယူနေသည့် DVB သတင်းဌာန၏ မန္တလေးအခြေစိုက် အပုဒ်စားသတင်းထောက် တစ်ယောက်ဖြစ်သော ဘကြီးအောင်အား ဆန္ဒပြသူများနှင့်အတူ ဖမ်းဆီးသွားခဲ့သည်။ အခြားသော သတင်းထောက်များ၊ မီဒီယာများ၏ တောင်းဆိုချက်ကြောင့် ဘကြီးအောင်အား အချုပ်ကားပေါ်မှ ပြန်လွှတ်ပေးခဲ့သည်။ ထို့နောက် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ဖေဖော်ဝါရီလ (၁၄) ရက်နေ့၌ ဆန္ဒပြပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အင်အားသုံး လူစုခွဲသည့် ဖြစ်စဉ်တွင် သတင်းရယူနေသည့် သတင်းသမားငါးဦးကို ဖမ်းဆီးခဲ့သည်။ ထိုသတင်းသမားများမှာ Mizzima သတင်းဌာနမှ ဆိုင်းလတ်အောင်၊ The 74 Media သတင်းဌာနမှ ကိုထွယ်အောင်၊ ကိုနော်ဆိုင်း၊ ထာဝရငြိမ်းချမ်းရေး သတင်းကွန်ရက် (EPN) မှ ကိုရန်ကောင်းနှင့် ကိုဝေယံတို့ဖြစ်ကြသည်။ အစပိုင်းတွင် သတင်းသမားများအား ဆန္ဒပြသူများနှင့် စုပေါင်းဖမ်းဆီးခြင်းမျိုးပြုလုပ်ခဲ့ပြီး အာဏာသိမ်းပြီး (၂) ပတ် အကြာမှစ၍ ဦးတည်ချက်ထား ဖမ်းဆီးခြင်းမျိုး စတင်ခဲ့ခြင်းဖြစ်သည်။ ထိုအဆင့်တွင် သတင်းသမားများအား ဆန္ဒပြပွဲများ၊ တရားရုံးချိန်းများတွင် သတင်းရယူစဉ်နှင့် သတင်းထောက်အလုပ် လုပ်ကိုင်နေချိန်မျိုးကဲ့သို့ မြေပြင်တွင် ရှိနေသည့် အခြေအနေမျိုးတွင် ဖမ်းဆီးခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွင်းမှုများ များပြားလာသည်နှင့်အမျှ ဆန္ဒပြပွဲတွင် သတင်းယူနေသည့် သတင်းမီဒီယာသမားများကိုပါ ရိုက်နှက်ခြင်း၊ လေးဂွနှင့်ပစ်ခြင်းများကို ဆိုးရွားစွာ ပြုလုပ်လာခဲ့သည်။ မတ်လအလယ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ ထုတ်ဝေသည့် မန္တလေးနေ့စဉ် သတင်းစာတိုက်၌ တာဝန်ထမ်းဆောင်သော ဝန်ထမ်း (၁၉) ဦးအား အမိန့်ဖီဆန်ခြင်းလှုပ်ရှားမှု (Civil Disobedience Movement) တွင် ပါဝင်သောကြောင့် အလုပ်မှ ထုတ်ပယ်ခဲ့သည်။

***စတုတ္ထအဆင့်တွင်မူ*** စစ်ကောင်စီဘက်မှ ပိုမိုဆိုးရွားသော အကြမ်းဖက်မှုများလုပ်ဆောင်၍ သတင်းမီဒီယာလောကကို အမှောင်ချနေခဲ့ပြီး ဖြစ်သည်။ မတ်လ (၈) ရက်နေ့တွင် အာဏာသိမ်းစစ်ကောင်စီ၏ ပြန်ကြားရေးဝန်ကြီးဌာနမှ လွတ်လပ်သော သတင်းမီဒီယာများဖြစ်သည့် DVB၊ Mizzima၊ ခေတ်သစ်မီဒီယာ၊ Myanmar Now နှင့် 7 Days သတင်းဌာနများ၏ ထုတ်ဝေခြင်းလုပ်ငန်းလိုင်စင်များပိတ်သိမ်းခဲ့ပြီး ယင်းသတင်းဌာနများအနေဖြင့် မီဒီယာ အမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်အား အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ခြင်းမပြုရန် တားမြစ်ခဲ့


သည်။ DVB ရုပ်သံလိုင်းနှင့် Mizzima ရုပ်သံလိုင်းတို့၏ Free to Air ရုပ်သံချယ်နယ်များကိုလည်း ဖေဖော်ဝါရီလ (၁) ရက်နေ့ကတည်းက ဖြတ်တောက်ထားပြီး ဖြစ်သည်။ ထို့နောက်တွင် အာဏာသိမ်း စစ်ကောင်စီမှ ဒေသတွင်းမီဒီယာများဖြစ်သော တာချီလိတ်သတင်းဌာန၊ မြစ်ကြီးနားသတင်းဌာနနှင့် The 74 Media တို့ကိုလည်း ထုတ်ဝေခွင့်လိုင်စင်များ ပိတ်သိမ်းခဲ့သည်။ သတင်းမီဒီယာများကို ထုတ်ဝေခွင့်ပိတ်သိမ်းသည့်အပြင် Mizzima၊ Myanmar Now၊ ကမာရွတ်မီဒီယာနှင့် The Hakha Post သတင်းဌာန စသည့်တချို့သော မီဒီယာတိုက်များကို စစ်ကောင်စီ၏ လက်နက်ကိုင်များက ဝင်ရောက် စီးနင်းကာ လုပ်ငန်းသုံး စာရွက်စာတမ်း၊ စက်ပစ္စည်းများ ယူဆောင်သွားလေ့ရှိကြသည်။ ထို့နောက် တဖန် အာဏာသိမ်းစစ်ကောင်စီမှ ပြည်သူများကြား သတင်းအချက်အလက်ကို ဖြတ်တောက်ရန် ရည်ရွယ်၍ မြန်မာပြည်အနယ်နယ်အရပ်ရပ်ရှိ ဒေသများတွင် PSI စလောင်းများဖြုတ်သိမ်းရန် အမိန့်ပေး ညွှန်ကြားခဲ့သည်။

ထို့အပြင် မတ်လ ဒုတိယအပတ်မှစ၍ မြေပြင်တွင်သတင်းယူနေသော သတင်းသမားများအား ဖမ်းဆီးခြင်းမျိုးသာမက သတင်းသမားများ၏ နေအိမ်ထိဝင်ရောက် ပစ်ခတ်ဖမ်းဆီးခြင်းများ ဆောင် ရွက်လာသည်။ အကြမ်းဖက်မှု အဆိုးရွားဆုံးအနေဖြင့် သတင်းသမားကို မတွေ့ပါက သတင်းသမား၏ မိသားစုဝင် မိဘ၊ ဆွေမျိုးသားချင်းနှင့် ခင်ပွန်း သို့မဟုတ် ဇနီးသည်တို့ကိုပါ ဖမ်းဆီးခေါ်ဆောင်သွား ခြင်းဖြစ်သည်။ ချင်းပြည်နယ်၊ ဟားခါးမြို့အခြေစိုက်သတင်းဌာန The Chinland Post ၏ အယ်ဒီတာချုပ် ဆလိုင်းဘွဲ့အုပ်ထန်အား စစ်တပ်မှ ဖမ်းဆီးရန် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မဖမ်းမိသောကြောင့် ၎င်း၏ ယောက်ဖဖြစ်သူကို ဖမ်းဆီးသွားခဲ့ခြင်း၊ ရန်ကုန်အရှေ့ပိုင်းမြို့နယ်၊ ဒဂုံတက္ကသိုလ် ကျောင်းဝင်း ရှိ ဝန်ထမ်းအိမ်ယာဝန်းအတွင်းတွင် နေထိုင်သော အလွတ်တန်း သတင်းထောက် မသူဇာ၏ နေအိမ်သို့ ဝင်ရောက်စီးနင်းရှာဖွေရာ မသူဇာကို မတွေ့ရှိသောကြောင့် အမျိုးသားဖြစ်သူ ကိုရဲကိုကိုအား ဖမ်းဆီး ခေါ်ဆောင်သွားခြင်းစသည့် သာဓကများ ရှိခဲ့သည်။


အာဏာသိမ်းစစ်ကောင်စီ၏ ဖမ်းဆီးခံရသော သတင်းသမားများထဲတွင် မြန်မာနိုင်ငံသား သတင်းသမားများသာမက နိုင်ငံခြား သတင်းထောက် (၂) ယောက်နှင့် အယ်ဒီတာ (၁) ယောက်လည်း ပါဝင်ခဲ့သည်။ တောင်ကြီးမြို့တွင် သတင်းယူနေသော ပိုလန်နိုင်ငံသား သတင်းထောက် Robert Bociaga နှင့် ရန်ကုန်မြို့တွင် သတင်းယူနေသော ဂျပန်သတင်းထောက် Yuki Kitazumi တို့ကိုလည်း ဖမ်းဆီးခဲ့ကာ နှစ်နိုင်ငံသံရုံးသဘောတူညီချက်ဖြင့် ပြန်လွှတ်ပေးပြီး နေရပ်ပြန်ပို့ခဲ့သည်။ မေလ၊ ၂၅ ရက်နေ့တွင် ရန်ကုန်လေဆိပ်၌ ဖမ်းဆီးသွားခဲ့သော အမေရိကန်နိုင်ငံသား Frontier Myanmar မဂ္ဂဇင်း အယ်ဒီတာ Danny Fenster ကိုမူ ဖမ်းဆီးထားဆဲဖြစ်ပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅ဝ၅ (က) ဖြင့် အမှုဖွင့်ထားသည်။

ဖမ်းဆီးထားသော သတင်းသမားများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (က)၊ ၅၀၅ (ခ)၊ ၅၀၅ (ဂ) ပုဒ်မများအပါအဝင် အမိန့်မနာခံမှု၊ ညမထွက်ရအမိန့်ဖောက်ဖျက်မှု စသည့်ပုဒ်မများတပ်၍ အမှုဖွင့် အရေးယူခဲ့သည်။ ဖမ်းဆီး၍ မမိသော သတင်းသမားများကိုလည်း ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) တို့ဖြင့် ဖမ်းဝရမ်းထုတ်နေခဲ့ပြီးဖြစ်သည်။ ဖမ်းဆီး၍ အမှုဖွင့် အရေးယူခံထားသော သတင်းသမားများထဲမှ ၅၀၅ (က) ဖြင့် အမှုဖွင့်ခံထားရသော ပြည်မြို့အခြေစိုက် DVB သတင်းထောက် ကိုမင်းညိုအား မေလ၊ ၁၂ ရက်နေ့တွင် စစ်ကောင်စီတရားရုံးမှ ***ထောင်ဒဏ် ၃ နှစ်၊*** DVB သတင်းထောက်ကိုအောင်ကျော်နှင့် Mizzima အလွတ်တန်း သတင်းထောက် ကိုဇော်ဇော် တို့ကို ဇွန်လ ၂ ရက်နေ့တွင် ***ထောင်ဒဏ် ၂ နှစ်စီ*** နှင့် ပဲခူးမြို့မှ အလွတ်တန်းသတင်းထောက် ကိုသက်နိုင်ဝင်းအား ဇွန်လ ၁၆ ရက်နေ့တွင် ***ထောင်ဒဏ် ၃ နှစ်*** ချမှတ်ခဲ့သည်။

*အောက်ဖော်ပြပါ Infographs များသည် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့အထိ ဖြစ်ပျက်သွားခဲ့သော သတင်းမီဒီယာလောက၏ အခြေအနေအရပ်ရပ်ကို တင်ပြထားခြင်းဖြစ်သည်-*





ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိ ဖမ်းဆီးခံခဲ့ရသော သတင်းမီဒီယာသမား စုစုပေါင်း အနည်းဆုံး (၁၀၇) ဦး ရှိခဲ့ပြီး (၂၅) ဦး ဖမ်းဝရမ်းထုတ်ခံခဲ့ရသည်။ ဖမ်းဆီးခံခဲ့ရသူများထဲတွင် အမျိုးသား (၉၁) ဦးနှင့် အမျိုးသမီး (၁၆) ဦးပါဝင်ခဲ့ပြီး ဖမ်းဝရမ်းထုတ်ခံရသူထဲတွင် အမျိုးသား (၂၃) ဦးနှင့် အမျိုးသမီး (၂) ဦးပါဝင်သည်။





ဖမ်းဆီးခံခဲ့ရသူများထဲမှ အနည်းဆုံး အမျိုးသား (၅၂) ဦးနှင့် အမျိုးသမီး (၈) ဦး လွတ်မြောက်သွားပြီး အမျိုးသား (၃၅) ဦးနှင့် အမျိုးသမီး (၇) ဦးမှာ ဆက်လက် ဖမ်းဆီးချုပ်နှောင်ခံနေရဆဲဖြစ်သည်။ ဖမ်းဆီးခံခဲ့ရသူများထဲမှ သတင်းသမား (၅) ဦးမှာ ထောင်ဒဏ်ချမှတ်ခံထားရပြီး အမြင့်ဆုံး ပြစ်ဒဏ် (၃) နှစ်ထိ ချမှတ်ခံထားရသည်။


**နိုင်ငံတစ်ဝှမ်းဖြစ်ပွားမှုအခြေအနေ**




မြန်မာနိုင်ငံဒေသအလိုက် သတင်းမီဒီယာသမားများ ဖမ်းဆီးခံရမှု၊ ဖမ်းဝရမ်းထုတ်ခံရမှုများထဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဖြစ်စဥ်ပေါင်း အနည်းဆုံး (၄၇) ခုရှိပြီး၊ ထို့နောက် ကချင်ပြည်နယ်တွင် (၁၅) ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁၄) ခု အများ ဆုံးဖြစ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင်ဖြစ်ကာ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မတွေ့ရှိရပေ။




သတင်းမီဒီယာသမားများအား ဖမ်းဆီးခြင်းများကို ဖေဖော်ဝါရီလ စတုတ္ထအပတ်တွင် အများဆုံးတွေ့ရပြီး ယခုအချိန်ထိ ဆက်လက်ဖမ်းဆီးခြင်းများ၊ ဖမ်းဝရမ်းထုတ်ခြင်းများ ရှိနေဆဲဖြစ်သည်။




မတ်လမှစ၍ လိုင်စင်ပိတ်သိမ်းခံရသော သတင်းမီဒီယာဌာနပေါင်း အနည်းဆုံး (၈) ခုရှိပြီး၊ တရားစွဲခံထားရသော မီဒီယာ အနည်းဆုံး (၃) ခုရှိသည်။ သတင်းထုတ်ဝေမှု ရပ်ဆိုင်းလိုက်သော မီဒီယာ အနည်းဆုံး (၁၂) ခုရှိသည်။

## ဖြစ်စဉ်လေ့လာချက်

### DVB သတင်းထောက်ကိုမင်းညို ရိုက်နှက်ဖမ်းဆီးခံခဲ့ရသည့်ဖြစ်စဉ်

မတ်လ (၃) ရက်နေ့၊ ပြည်မြို့ ဆန္ဒပြပွဲတွင် ဆန္ဒပြပြည်သူများကို ရဲတပ်ဖွဲ့နှင့် စစ်တပ်မှ သေနတ်ပစ်ဖောက် ဖြိုခွင်းခဲ့ကာ သတင်းယူနေသည့် DVB သတင်းထောက် ကိုမင်းညိုအားလည်း ရိုက်နှက်ဖမ်းဆီးခဲ့ကြသည်။ ထို့နောက် ကိုမင်းညိုအား ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲကာ မေလ (၁၂) ရက်နေ့တွင် ထောင်ဒဏ် (၃) နှစ် ချမှတ်လိုက်သည်။ ထောင်ဒဏ်ချမှတ်ခံထားရသူများထဲတွင် ကိုမင်းညိုသည် ပထမဦးဆုံး ထောင်ဒဏ်အမြင့်ဆုံး ချမှတ်ခံခဲ့ရသူဖြစ်သည်။

### ကျည်ဖြင့် ပစ်ခတ် ဖမ်းဆီးခံခဲ့ရသော သတင်းထောက် ကိုထက်မြတ်သူနှင့် ကိုနိုင်လင်းထွန်းတို့၏ ဖြစ်စဉ်

ကိုထက်မြတ်သူသည် Voice of Thanphyuzayat သတင်းဌာန၏ ဒေသခံသတင်းထောက်ဖြစ်ပြီး မတ်လ (၂၇) ရက်နေ့၊ ကျိုက်ထိုမြို့၊ မြေပြင်ဆန္ဒပြပွဲတွင် သတင်းယူနေစဉ် စစ်ကောင်စီ၏ ရဲနှင့် စစ်သားများ၏ ပစ်ခတ်မှုကြောင့် သေနတ်ကျည်ထိမှန်ခဲ့သည်။ ကျည်အစစ်ဖြင့် ပစ်ခတ်မှုကြောင့် ခြေထောက်ထုတ်ချင်းပေါက် ဒဏ်ရာရရှိခဲ့ပြီး ရိုက်နှက်၊ နှိပ်စက်ခြင်းလည်း ခံခဲ့ရသည်။ ထို့နောက် ကိုထက်မြတ်သူကို သထုံမြို့မရဲစခန်းတွင် ချုပ်နှောင်ပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) ဖြင့် အမှုဖွင့် အရေးယူထားသည်။

ကိုနိုင်လင်းထွန်းသည် တနင်္သာရီတိုင်း၊ ထားဝယ်မြို့အခြေစိုက် Dakkhina Insight သတင်းဌာန၏ သတင်းထောက်တစ်ယောက်ဖြစ်ပြီး ဧပြီလ ၂၁ ရက်နေ့၌ စစ်အာဏာရှင် ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် သတင်းရယူနေစဉ် သေနတ်ပစ်ခတ်ခံရကာ ကျည်ရှပ်ထိမှန် ဒဏ်ရာဖြင့် အဖမ်းခံခဲ့ရသည်။ ဖမ်းဆီးခံရပြီးနောက် ကိုနိုင်လင်းထွန်း၏ လက်တော့ပ်နှင့် မိုဘိုင်းဖုန်းတို့ကို သိမ်းယူသွားကြပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (က)၊ ပုဒ်မ ၅၀၅ (ဂ) နှင့် ပုဒ်မ ၁၄၅ တို့ဖြင့် အမှုဖွင့်ခံထားရသည်။

ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၄၅ မှာ လူစုခွဲရန် အမိန့်ပေးပြီးကြောင်းသိလျက် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး၌ ပါဝင်နေခြင်းဖြစ်ပြီး ဖောက်ဖျက်သည်ဟု သတ်မှတ်ပါက (၂) နှစ်အထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာဥပဒေ အခန်း (၃) ပုဒ်မ (၇) (ခ) အရ လုံခြုံရေးအဖွဲ့အစည်းသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်းနှင့် အများပြည်သူ ဆန္ဒပြနေရာတွင်

သတင်းရယူနေသည့် သတင်းထောက်များကို ကာကွယ်စောင့်ရှောက်မှုပေးရမည်ဟု ပြဋ္ဌာန်းထားသော်လည်း လက်တွေ့တွင် သတင်းသမားများသည် ရိုက်နှက်ဖမ်းဆီးခံရခြင်း၊ ကျည်ဖြင့် ပစ်ခတ်ခြင်းများ ခံနေရသည်။

## DVB သတင်းထောက် ကိုအောင်မြတ်လှိုင်(ခ)ကိုအောင်ကျော်ကို စစ်ကောင်စီမှ အကြမ်းဖက်ဖမ်းဆီးခြင်း

ဖြစ်စဥ်မှာ မတ်လ (၁) ရက်နေ့ ညပိုင်းတွင် မြိတ်မြို့ မြစ်ငယ်ရပ်ကွက်နေ ကိုအောင်ကျော်၏ နေအိမ်သို့ စစ်ကား (၇) စီး၊ (၈) စီးခန့်ဖြင့် ပစ်ခတ်ကာ ရိုက်နှက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ကိုအောင်ကျော်၏ဇနီးမှ သတင်းမီဒီယာများသို့ ပြောကြားချက်များအရ *"အောက်က ချိုးဖျက်၊ ရိုက်ဖျက်သံတွေ ကြားရတယ်။ တုတ်နဲ့ ရိုက်အသံတွေကြားရတာနဲ့ ညီမအမျိုးသားလည်း DVB Page ကနေ Live လွှင့်လိုက်တယ်။ Live လွှင့်နေတဲ့အချိန်မှာပဲ သူ့အော်သံကြားလိုက်ရတယ်။ အဲဒီအချိန်မှာ (၂) နှစ်မပြည့်သေးတဲ့ သမီးလေးကို သိပ်နေတာ။ ခဲက တောက်လျှောက်ဝင်လာတာ။ သူ့နားက ဘယ်လိုမှ ကပ်လို့မရဘူး"* ဟု ပြောပြသည်။

တံခါးချိုးဖျက်ဝင်လာသည့် စစ်သားနှင့် ရဲတို့သည် ကိုအောင်ကျော်အား အိမ်အပေါ်ထပ်သို့ တက်၍ ချုပ်နှောင်ဖမ်းဆီးခဲ့သည်။ ဇနီးဖြစ်သူသည် အမျိုးသား၏ ဒဏ်ရာအခြေနေကို ကြည့်ရန် စစ်တပ်နှင့် ရဲကို တောင်းဆိုခဲ့သော်လည်း ခွင့်မပြုဘဲ အိမ်အပြင်ဘက်မှနေ၍ ခဲများဖြင့် ထပ်ထုမည့် အနေအထားဖြင့် အသင့်စောင့်နေကြသည်ဟု ဆိုသည်။ ထို့နောက် ကိုအောင်ကျော်အား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (က) ဖြင့်တရားစွဲခဲ့ပြီး ဧပြီလ (၂) ရက်နေ့တွင် ထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့သည်။

အထက်ပါဖြစ်စဥ်များအပြင် သတင်းယူနေသော သတင်းထောက်များ အဖမ်းမခံရသော်လည်း ရိုက်နှက်ခံရခြင်းများ၊ ရာဘာကျည်ထိမှန်ခြင်းများကို ပြည်မြို့နှင့် ပုသိမ်မြို့တို့တွင် ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီလ (၂၇) ရက်နေ့၊ မုံရွာမြို့ရှိ ဆန္ဒပြပွဲအား တိုက်ရိုက်ထုတ်လွှင့် တင်ဆက်နေခဲ့သော မုံရွာဂေဇက် စီအီးအို ကိုလေး (ခ) ကိုကျော်ကျော်ဝင်းအားလည်း စစ်ကောင်စီဘက်မှ အရပ်ဝတ်များဖြင့် လာရောက်ပြီး ဖုန်းအားရိုက်ခွဲ၍ ကန်ကျောက် ရိုက်နှက်ကာ ဖမ်းဆီးသွားခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ပြန်လွတ်ခဲ့သည်။ ဧပြီလ (၅) ရက်နေ့တွင် ရန်ကုန်မြို့၊ ကျောက်မြောင်း၌ အပျော်တမ်း ဓာတ်ပုံဆရာတစ်ဦးကို ရိုက်နှက်ဖမ်းဆီးခဲ့သည်။

သတင်းသမားများနှင့် ပတ်သက်၍ တချို့သော ဖြစ်စဥ်များမှာ ကာယကံရှင်မိသားစုတို့မှ အပြင်သို့ ပေါက်ကြားစေလိုခြင်း မရှိသောကြောင့် ထုတ်ဖော် မပြောဆိုခြင်းများ ရှိကြောင်းလည်း သိ

ရသည်။ အဘယ့်ကြောင့်ဆိုသော် အမည်စာရင်းပေါက်ကြားပါက စစ်ကောင်စီဘက်မှ ပိုမို သတိထား မိကာ ပုဒ်မကြီးများဖြင့် အရေးယူခြင်း၊ ပြန်လွတ်ရန်ပိုခဲယဉ်းခြင်းနှင့် ထောင်ဒဏ်များထိ ချမှတ်ခြင်း များ ရှိခြင်းသောကြောင့် ဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ သတင်းမီဒီယာလွတ်လပ်ခွင့်သည် စစ်အာဏာသိမ်းပြီး အချိန်ကစ၍ ကန့်သတ်ဖိနှိပ်ခံနေရပြီး သတင်းသမားများအား အကြမ်းဖက် ဖမ်းဆီးထောင်ချခြင်းများ ခံနေရကာ အဆိုးရွားဆုံး အခြေအနေတွင် ရှိနေသည်။ ယခုဖော်ပြထားသော စာရင်းများနှင့် အကြောင်းအရာ များသည် လက်လှမ်းမီသော အချက်အလက်များကိုသာ မှီငြမ်း ဖော်ပြထားခြင်းဖြစ်ပြီး တစ်နိုင်ငံလုံး အခင်းအကျင်းတွင် ယခုထက် ပိုမိုများပြားကာ ပိုမိုဆိုးရွားနိုင်သည်။

## သုတေသနနည်းလမ်း

ဤသုတေသနစာတမ်းပြုစုရာတွင် အချက်အလက်နှင့် ဖြစ်စဉ်များကို အွန်လိုင်းသတင်း မီဒီယာများအား နေ့စဉ်စောင့်ကြည့်လေ့လာခြင်းမှ ရရှိသော ဒေတာများနှင့် သတင်းမီဒီယာလောကရှိ ယုံကြည်ရသော လူပုဂ္ဂိုလ်အချို့အား ဆက်သွယ်မေးမြန်းခြင်း၊ အတည်ပြုခြင်းများအပေါ် အခြေခံ ထားပါသည်။ သုတေသနကို ခွဲခြမ်းစိတ်ဖြာရာတွင် ခြုံငုံသုံးသပ်နည်းလမ်းကို အသုံးပြုထားသည်။ သုတေသနအဖွဲ့အနေဖြင့် စည်းဝေးခြင်းများနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ထားပါသည်။






အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့